

# အခြားသူများအားကူညီရန်အကူအညီရယူခြင်း

*အမှုတော်ဆောင်ရွက်ရန် ကျွန်ုပ်တို့၏အားထုတ်မှုများတွင် ကျွန်ုပ်တို့အကူအညီလိုအပ်သောအခါ အခြားသူများအားကျွန်ုပ်တို့ မည်သို့ပါဝင်စေနိုင်ပါသလဲ။ အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများနှင့် ပထမတနင်္ဂနွေကောင်စီအစည်းအဝေးများတွင်ပူးပေါင်းပါဝင်ပါ။*

များစွာသောရောဂါဝေဒနာများက ကေသီ့ကိုလက်တွန်းလှည်းမှာထိုင်ရတဲ့အထိဖြစ်စေခဲ့တဲ့အခါ သူမရဲ့ထိုင်ခုံမှအိပ်ယာသို့သယ်ပေးဖို့ ညတိုင်းအကူအညီလိုအပ်တယ်ဆိုတာ သူမတွေ့ရှိလာခဲ့တယ်။ ဒီအလုပ်ကအသင်းသားတစ်ယောက်တည်းလုပ်ဖို့ အလွန်ကြီးမားပါတယ်။ ဒါကြောင့်အယ်လ်ဒါကွာရမ်အဖွဲ့က သူမရဲ့အခြေအနေကိုအကြံပြုခဲ့ကြပြီး ညနေတိုင်းသူမကိုကူညီရန် အချိန်ဇယားလုပ်ဖို့ဆုံးဖြတ်ခဲ့ကြတယ်။[1]

ကျွန်ုပ်တို့အစေခံသောသူများ၏လိုအပ်ချက်များနှင့် အားသာချက်များကို ကျွန်ုပ်တို့သိလာတဲ့အခါ သူတို့ရဲ့လိုအပ်ချက်များကိုဖြည့်စွက်ကူညီရန် ကျွန်ုပ်တို့အကူအညီလိုအပ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိနိုင်ပါတယ်။ အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများနှင့် ပထမတနင်္ဂနွေကောင်စီအစည်းအဝေးများသည် အခြားသူများအားသင့်လျော်စွာမည်သို့ပါဝင်စေနိုင်သည်ကို ဆွေးနွေးရန် အထူးအခွင့်ထူး၂ခုဖြစ်ပါတယ်။

**အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများ**

အမှုတော်ဆောင်ညီအစ်မများနှင့် လူမှုသက်သာရေးဥက္ကဋ္ဌအဖွဲ့ သို့မဟုတ် အမှုတော်ဆောင်ညီအစ်ကိုများနှင့် အယ်လ်ဒါကွာရမ်ဥက္ကဋ္ဌအဖွဲ့ အကြား ဤသုံးလတစ်ကြိမ်လူတွေ့မေးမြန်းခြင်းများသည် ကျွန်ုပ်တို့အမှုတော်ဆောင်သောသူများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ပြုလုပ်သော သမာရိုးကျမှတ်တမ်းသာလျှင် ဖြစ်ပါသည်။ လူတွေ့မေးမြန်းခြင်းသည် (၁) အားသာချက်များ၊ လိုအပ်ချက်များနှင့် တာဝန်ပေးထားသော မိသားစုများနှင့် တစ်ဦးချင်းစီ၏စိန်ခေါ်မှုများအကြောင်းအကြံပြုရန်၊ (၂) ကွာရမ်၊ လူမှုသက်သာရေးအဖွဲ့ သို့မဟုတ် အသင်းတော်စုကောင်စီထောက်ပံ့နိုင်မည့်အကူအညီများကို ဆုံးဖြတ်ရန်နှင့် (၃) ခေါင်းဆောင်များထံမှသင်ယူပြီး အမှုတော်ဆောင်ရွက်ခြင်းအားထုတ်မှုများတွင်အားပေးတိုက်တွန်းရန် အနည်းဆုံးသုံးလတစ်ကြိမ်အခြေခံအပေါ် အခွင့်ထူးဖြစ်ပါတယ်။

အယ်လ်ဒါကွာရမ်ဥက္ကဋ္ဌနှင့် လူမှုသက်သာရေးဥက္ကဋ္ဌသည်

သင်းအုပ်အားအရေးကြီးသော လိုအပ်ချက်များကို တိုက်ရိုက်ဆက်သွယ်ပြောကြားပြီး သူ့ထံမှညွှန်ကြားချက်နှင့်အကြံပြုချက်ကိုရရှိပါမည်။

**ministering.lds.org** တွင် အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများအကြောင်း သတင်းအချက်အလက်များကို သင်ပိုမိုရှာဖွေနိုင်ပါသည်။

## အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများကိုလေးနက်အောင်ပြုလုပ်ခြင်း

အမှုတော်ဆောင်ရွက်ခြင်းအစီအစဉ်သည် အသင်းတော်၏အနာဂတ်ကိုအကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ပေးသောအကြောင်းရင်းဖြစ်လာမည်ဟုဆိုသော ဥက္ကဌရဆယ်လ် အမ် နယ်လ်ဆင်၏ထုတ်ပြန်ချက်ကို ထောက်ခံရာတွင် တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါဂယ်ရီ အီး စတီဗင်ဆင်က "သူ၏ရုပါရုံအား ပြည့်စုံစေခြင်းကို အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းတွင် အမှုတော်ဆောင်ညီအစ်ကိုမောင်နှမများ မည်မျှကောင်းစွာသင်ကြားခဲ့ပြီး ချိတ်ဆက်မိခဲ့သလဲအပေါ် အခြေခံနိုင်ပါတယ်။"ဟု သင်ကြားခဲ့ပါသည်။၂

အမှုတော်ဆောင်ညီအစ်ကိုမောင်နှမများအတွက်အကြံပြုချက်ငါးချက်

- အကြံဉာဏ်ရှာဖွေခြင်းလူတွေ့မေးမြန်းခြင်းသို့သွားပါ။ သင်ယူရန်အဆင်သင့်ဖြစ်ပါစေ။
- အစည်းအဝေးတွင် သင်အကူအညီလိုအပ်နိုင်သည့် လိုအပ်ချက်များကိုဆွေးနွေးရန်ပြင်ဆင်ပါ။
- လိုအပ်ချက်များကိုသာမဟုတ်ဘဲ တစ်ဦးချင်းစီ၏အားသာချက်များနှင့် စွမ်းရည်များအပေါ်အာရုံစိုက်ပါ။
- သင်၏အမှုတော်ဆောင်ရွက်ခြင်းအောင်မြင်ခဲ့ကြောင်း ရည်ရွယ်မည့်ရလဒ်များအကြောင်းအကြံပြုပါ။
- လိုအပ်ပါက သုံးလတစ်ကြိမ်လူတွေ့မေးမြန်းခြင်းများအကြား အကြံပြုရန်ဥက္ကဌအဖွဲ့အားဆက်သွယ်ပါ။

ခေါင်းဆောင်များအတွက်အကြံပြုချက်ငါးချက်

- လူတွေ့မေးမြန်းခြင်းများသည်အချိန်ကြာဖို့မလိုအပ်ပါ။ သို့သော် လေးနက်သောစကားပြောဆိုခြင်းကို ထောက်ကူသည့်နေရာတွင်သွားလည်ရန် လုံလောက်သည့်အချိန်ကို စီစဉ်ပါ။
- အမှုတော်ဆောင်ညီအစ်ကို သို့မဟုတ် ညီအစ်မအား အမှုတော်ဆောင်ရန် အခွင့်ထူးကိုယူပါ။
- သင်သည်လည်ပတ်မှုများကိုရေတွက်ရုံသာ သို့မဟုတ် အဆက်အသွယ်လုပ်ခြင်းကိုစာရင်းစစ်ခြင်းသာ ပြုလုပ်နေကြောင်းထင်ရသည့် မေးခွန်းများကိုမမေးပါနှင့်။ ("သင့်ရဲ့အမှုတော်ဆောင်ရွက်ခြင်း ပြုလုပ်ပြီးပြီလား။") လိုချင်သောအပြုအမူများကိုပံ့ပိုးသည့်မေးခွန်းများကိုမေးပါ။ ("မိသားစုအတွက်သင်ဆုတောင်းတဲ့အခါ မည်သည့်လှုံ့ဆော်မှုမျိုးသင်ခံစားရပါသလဲ။ ထိုလှုံ့ဆော်မှုများကိုသင်လုပ်ဆောင်တဲ့အခါ ဘာဖြစ်ခဲ့သလဲ။")
- စိတ်ရင်းမှန်နဲ့နားထောင်ပြီး မှတ်စုများပြုလုပ်ပါ။
- အတူအကွအကြံပြုပါ။ အမှုတော်ဆောင်သောတွဲဘက်များသည် အမှုတော်ဆောင်ရန် တာဝန်ပေးအပ်ထားသော သူများအတွက် ဗျာဒိတ်ရရန်အခွင့်ရှိပါတယ်။

## အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းနှင့်ပတ်သက်သောမေးခွန်းများနှင့် အဖြေများ

*အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းဆိုသည်မှာအဘယ်နည်း။*

၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်မှလှုံ့ဆော်မှုကိုရှာဖွေရန်နှင့် လက်ခံရရှိရန် သူတို့အား ခွင့်ပြုသည့် အခြေအနေဝန်းကျင်တွင် အမှုတော်ဆောင် ညီအစ်ကိုများနှင့် အယ်လ်ဒါကွာရမ်ဥက္ကဌအဖွဲ့ဝင်တစ်ဦးကြား သို့မဟုတ် အမှုတော်ဆောင်ညီအစ်မများနှင့် လူမှုသက်သာရေးဥက္ကဌအဖွဲ့ဝင်တစ်ဦးကြား ဆွေးနွေးမှုတစ်ခုဖြစ်ပါတယ်။ ရလဒ်အဖြစ် အမှုတော်ဆောင်ညီအစ်ကိုမောင်နှမများကို ကယ်တင်ရှင်၏ နည်းလမ်း၌ စောင့်ကြပ်ကြည့်ရှုရန်၊ ချစ်ရန်၊ သင်ကြားရန်နှင့် နှစ်သိမ့်ပေးရန် စိတ်အားထက်သန်စေနိုင်ပါသည်။

*ဤသုံးလတစ်ကြိမ်လူတွေ့မေးမြန်းခြင်းများသည် ကိုယ်တိုင်ကိုယ်ကျတွေ့ရန်လိုအပ်ပါသလား။*

ပုံမှန်အားဖြင့် ၎င်းတို့ကိုကိုယ်တိုင်ကိုယ်ကျ စီမံဆောင်ရွက်ပါသည်။ သို့သော် မျက်နှာချင်းဆိုင်တွေ့ဆုံခြင်း မလုပ်ဆောင်နိုင်သောအခါ အွန်လိုင်း သို့မဟုတ် ဖုန်းဖြင့် လုပ်ဆောင်နိုင်ပါသည်။ ယေဘုယျအားဖြင့် သင့်လျော်ပါက လူတွေ့မေးမြန်းခြင်းတွင် တွဲဘက်နှစ်ဦးလုံး ပါဝင်ဆောင်ရွက်ပါမည်။

*အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်း၏ရည်ရွယ်ချက်မှာ အဘယ်နည်း။*

အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများသည် အမှုတော်ဆောင်ညီအစ်ကိုမောင်နှမများအတွက် သူတို့အမှုတော်ဆောင်သောမိသားစုများ သို့မဟုတ် တစ်ဦးချင်းစီအား လက်ရှိအခြေအနေများကို ပြန်လည်သုံးသပ်ရန်၊ အနာဂတ်အစီအစဉ်များပြုလုပ်ရန်နှင့် လိုအပ်သောအကူအညီရရှိရန်အခွင့်ထူးဖြစ်ပါသည်။ ၎င်းသည် ကွာရမ်နှင့် လူမှုသက်သာရေးအဖွဲ့ပေးနိုင်သော အထောက်အပံ့နည်းလမ်းများအကြောင်းပြောဆိုရန် အခွင့်အရေးဖြစ်ပါသည်။

*လျှို့ဝှက်သော သို့မဟုတ် အထိအခိုက်မခံသောကိစ္စရပ်များကို ကျွန်ုပ်မည်သို့ကိုင်တွယ်ဖြေရှင်းရမည်နည်း။*

အမှုတော်ဆောင်ညီအစ်ကိုမောင်နှမများသည် အယ်လ်ဒါကွာရမ် သို့မဟုတ် လူမှုသက်သာရေးဥက္ကဋ္ဌနှင့်သာလျှင်—သို့မဟုတ် သင်းအုပ်နှင့်တိုက်ရိုက် လျှို့ဝှက်သောသတင်းအချက်အလက်များကိုဝေမျှပါသည်။ လျှို့ဝှက်သော သို့မဟုတ် အထိအခိုက်မခံသော သတင်းအချက်အလက်များကို ပထမတနင်္ဂနွေကောင်စီအစည်းအဝေးများတွင် မဝေမျှသင့်ပါ။

**ministering.lds.org တွင် ပြသနေသော အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းဗီဒီယိုများကို သင်ကြည့်ရှုနိုင်ပါသည်။**

**ပထမတနင်္ဂနွေကောင်စီအစည်းအဝေးများ**

အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများအပြင် ပထမတနင်္ဂနွေကောင်စီအစည်းအဝေးများသည် အမှုတော်ဆောင်ရွက်ခြင်းတွင်အခြားသူများပါဝင်စေရန် အခြားနည်းလမ်းတစ်ခုဖြစ်ပါသည်။ လူမှုသက်သာရေးအဖွဲ့နှင့် အယ်လ်ဒါကွာရမ်အဖွဲ့အစည်းအဝေးများတွင် အဖွဲ့မှအခြားသူများမှသော်လည်းကောင်း၊ ဝိညာဉ်တော်အားဖြင့်သော်လည်းကောင်း တက်ရောက်လာသူများထံလှုံ့ဆော်မှုလာပါသည်။

ကောင်စီအစည်းအဝေး၏ရည်ရွယ်ချက်သည် -

- "ဒေသဆိုင်ရာတာဝန်များ၊ အခွင့်အရေးများနှင့် စိန်ခေါ်မှုများအကြောင်း အတူတကွအကြံပြုရန်၊
- "အချင်းချင်း၏ထိုးထွင်းသိမြင်မှုများနှင့် အတွေ့အကြုံများမှသင်ယူရန်နှင့်
- "ဝိညာဉ်တော်မှရရှိသော ထင်မြင်ချက်များအပေါ် လုပ်ဆောင်ဖို့ နည်းလမ်းများကိုစီစဉ်ရန်။"[၃]

ကောင်စီအစည်းအဝေးများသည် ဆွေးနွေးခြင်းများထက်ပိုပါသည်။ ဝိညာဉ်တော်မှလှုံ့ဆော်သည့်အတိုင်း တစ်ကိုယ်တည်း သို့မဟုတ် အဖွဲ့အနေဖြင့် ဆောင်ရွက်ရန်ကျွန်ုပ်တို့ကို အစည်းအဝေးများကဦးဆောင်ပါသည်။

**လုပ်ဆောင်ရန်ဖိတ်ခေါ်ချက်**

တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါဂျက်ဖရီ အာရ် ဟော်လန်က "ယနေ့ကျွန်ုပ်တို့ရဲ့ ဆုတောင်းချက်သည် အမျိုးသား၊ အမျိုးသမီးများအားလုံးနှင့် ကျွန်ုပ်တို့ရဲ့သက်ကြီးပိုင်း လူငယ်အမျိုးသားများနှင့် လူငယ်အမျိုးသမီးများ အချင်းအချင်းလိုက်လိုက်လှဲလှဲစောင့်ရှောက်ရန်၊ ပို၍နက်ရှိုင်းစွာတာဝန်ခံပြီး ထိုသို့လုပ်ဆောင်ရန် ခရစ်တော်၏ဖြူစင်သောမေတ္တာအားဖြင့်သာ တွန်းအားပေးလာလိမ့်မည်။"ဟု ပြောခဲ့ပါသည်။[၄]

[redacted]

**ယေရှုသည် အခြားသူများအားပါဝင်စေခဲ့သည်**

ယေရှုသည် လူအယောက် ၅၀၀၀ အစုအဝေးကို မုယောမုန့်ငါးလုံးနှင့် ငါးကလေးနှစ်ကောင်ဖြင့် ကျွေးခဲ့သည်။ ဤအမှုတော်ဆောင်ရွက်ခြင်းလုပ်ရပ်တွင် ကယ်တင်ရှင်သည် အခြားသူများအား အကြိမ်မည်မျှပါဝင်စေခဲ့သလဲဆိုတာကို ဖော်ထုတ်ရန် ယောဟန် ၆း၅-၁၄ ကိုဖတ်ပါ။

[redacted]

အခြားသူများ၏လိုအပ်ချက်များအကြောင်းအကြံပြုခြင်းသည် အမှုတော်ဆောင်လူတွေ့မေးမြန်းခြင်းများ၏ နှလုံးသားထဲတွင်ရှိပါသည်။ စက်တင်ဘာလ ၂၀၁၈ ထုတ်၊ အမှုတော်ဆောင်ရွက်ခြင်းအခြေခံမှုများဆောင်းပါး၊ “သူတို့၏လိုအပ်ချက်များအားအကြံပြုပါ” ကိုလည်းကြည့်ပါ။

[redacted]

“အမှုတော်ဆောင်ရွက်ခြင်းအခြေခံမှုများ” ဆောင်ပါးများကို အချင်းချင်းစောင့်ရှောက်ဖို့ သင်ယူရန်အတွက် ကျွန်ုပ်တို့ကိုကူညီရန် ရည်ရွယ်ပါသည်။ လည်ပတ်ချိန်များအတွင်း သတင်းကောင်းများအနေဖြင့်ဝေမျှရန်မဟုတ်ပါ။ ကျွန်ုပ်တို့အစေခံသောသူများကို ကျွန်ုပ်တို့သိလာသည်နှင့်အမျှ ကျွန်ုပ်တို့ရဲ့ဂရုစိုက်ခြင်းနှင့် သနားခြင်းဂရုဏာအပြင် သူတို့မည်သည့်သတင်းကောင်းလိုအပ်နိုင်သည်ကိုသိရှိရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုလှုံ့ဆော်ပါလိမ့်မည်။

**မှတ်ချက်များ**

၁။ *Mormon Messages* ဗီဒီယို “Lift,” lds.org/media-library ကိုကြည့်ပါ။
၂။ ဂယ်ရီ အီး စတီဗင်ဆင်၊ “Ministering Interviews” (ဗီဒီယို), ministering,lds.org.
၃။ *Come, Follow Me—For Melchizedek Priesthood and Relief Society,* အင်ဆိုင်း *သို့မဟုတ် Liahona* မှ၊ နို ၂၀၁၇၊ ၁၄၀၊ comefollowme.lds.org တွင်လည်းရနိုင်ပါသည်။
၄။ ဂျက်ဖရီ အာရ် ဟော်လန်၊ “Be With and Strengthen Them,” အင်ဆိုင်း သို့မဟုတ် *Liahona,* မေ ၂၀၁၈၊ ၁၀၃။

© 2018 by All rights reserved. Printed in USA. အင်္ဂလိပ်ဘာသာခွင့်ပြုချက် 6/17. ဘာသာပြန်ခွင့်ပြုချက် 6/17. *Ministering Principles, October 2018.* Burmese. 15053 256 အားဘာသာပြန်ထားခြင်း။